
# မင်းကံစီ

SAMPLE BOOK

# တခါတုန်းက
# မုန့်အိုးပုတ်ရွာ



mgyoe.com



mgyoe.com SAMPLE BOOK

# မင်းကံစိ

တခါတုန်းက

# မုန့်အိုးပုတ်ရှာ

မုန့်အိုးပုတ်ရှာ_မင်းကံစိ_
9 447263 060074

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK






mgyoe.com

mgyoe.com SAMPLE BOOK




ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | မတ်လ၊၂၀၂၃ ခုနှစ်၊ ဇလပ်နီစာပေ |
| တခါတုန်းက မုန့်အိုးပုတ်ရွာ | - | မင်းကံစီ |
| မျက်နှာဖုံးဒီဇိုင်း | - | မိုးထက်မိုး |
| စာတည်း | - | ဇသစ်ထွန်း |
| အတွင်းအပြင်အဆင် | - | ဇလပ်နီ |
| စာအုပ်ချုပ် | - | ဖူးပွင့်မွှေး |
| အုပ်ရေ | - | ၁၀၀၀ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ |
| | | ၀၉၈၉၉၉၆၄၀၆၆၈ ၊ ၀၉၄၄၄၇၂၆၈၂၆၇ |
| | | *www.zalatnisarpay.com* |
| ရောင်းဈေး | - | ၅၀၀၀ ကျပ် |

ဦးမင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄) က ထုတ်ဝေ၍ ပုံရိပ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆)၊ အမှတ်(၈)၊ အိပ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်တွင် ရိုက်နှိပ်သည်။

၈၀၈.၈၄
မင်းကံစီ
တခါတုန်းက မုန့်အိုးပုတ်ရွာ၊ မင်းကံစီ - ရန်ကုန်။
ဇလပ်နီစာပေတိုက်၊ ၂၀၂၃။
စာ-၁၆၈ ၊ ၁၂ × ၁၈ စင်တီ
(၁) တခါတုန်းက မုန့်အိုးပုတ်ရွာ


mgyoe.com

mgyoe.com SAMPLE BOOK

## ပျော်ရွှင်စေရန် သက်သက်မျှသာ

ကျွန်တော်တို့ ငယ်ငယ်က မေမေဟာ ညအိပ်ရာ ဝင်ခါနီးဆို ပုံပြင် ပြောပြလေ့ ရှိပါတယ်။ တခါတရံမှာတော့ ပုံပြင်တွေတင် မကဘဲ ကျွန်တော်တို့ ဇာတိရွာလေးရဲ့ ကျွန်တော်တို့ မမွေးခင်က ဖြစ်ပျက်ခဲ့တဲ့ မှတ်မှတ်သားသား အဖြစ်လေးတွေကို ပုံပြင်သဖွယ် ပြန်ပြန်ပြောတတ်ပါသေးတယ်။

ဒီဝတ္ထုလေးဟာ မေမေ တချိန်တုန်းက ပုံပြင်သဖွယ် ပြောပြခဲ့ဖူးတဲ့ ကျွန်တော် မမွေးခင်က ကျွန်တော့်ဇာတိ ရွာလေးအကြောင်းကို အခြေခံ တည်ဆောက် ရေးဖွဲ့ထားတာပါပဲ။ ရွာကလေးရဲ့ ရိုးသားတဲ့ ဓလေ့နဲ့ ရွာသူရွာသားတွေရဲ့ အပြစ်ကင်းတဲ့ လွဲချော်မှုလေးတွေကို ချစ်ခင်စိတ်နဲ့ အမှတ်တရ ရေးသားလိုက်ပါတယ်။

ဒီဝတ္ထုကို ဟာသဝတ္ထု ဆိုတာထက် ပျော်စရာကောင်းတဲ့ ဝတ္ထုလို့ပဲ စာရေးသူတယောက် အနေနဲ့ အမိပ္ပာယ် ဖွင့်ဆိုလိုက်ပါရစေ။

*လေးစားစွာဖြင့်*
*မင်းကံစီ*

mgyoe.com

mgyoe.com SAMPLE BOOK

အင်ထရိဒတ်ရှင်း ဒေါ့ဗ် မုန့်အိုးပုတ်

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

မုန့်အိုးပုတ်ကျေးရွာ... တဲ့...။

ဘယ်လောက် လှလိုက်တဲ့ နာမည်လေးလဲ၊ မြန်မာဆန်လိုက်ပုံများ။ နာမည်ကြားရုံနဲ့ လွမ်းစရာကောင်း၊ ချစ်စရာ ကောင်းနေလိုက်တာ။

မုန့်အိုးပုတ် ရွာသူရွာသားတွေ ဆိုတာကလည်း သူတို့ရွာ နာမည်လေးကို ဂုဏ်ယူတတ်ကြတယ်။ ရွာနီးချုပ်စပ်တွေ ကြားထဲမှာလည်း ဝံ့ကြွားကြတယ်။

မုန့်အိုးပုတ်ရွာသားတွေ သူတို့ရွာ နာမည်အတွက် ဂုဏ် ယူကြ၊ လက်မ ထောင်ကြတာလည်း မပြောနဲ့၊ တခြား ရွာနီးချင်းတွေရဲ့နာမည်တွေလည်း ကြည့်ဦး...။

နွားချေးကုန်း... တဲ့။

ကျွဲခြံ... တဲ့။

ဖိုးခွေးစု... တဲ့။

လက်ပံခါး... တဲ့။

ဝက်လူး... တဲ့။



mgyoe.com

mgyoe.com SAMPLE BOOK


ကဲ… စားလို့ကောင်းတဲ့ နာမည်နဲ့ရွာ ဆိုတာ ပါလို့လား။ ဒါတောင် တခြားရွာတွေ ကျန်သေးတယ်။ မုန့်အိုးပုတ် ဆိုတဲ့ နာမည်လောက် ချစ်စရာလည်း ကောင်း၊ စားချင်စရာလည်း ကောင်းတဲ့ ရွာနာမည် တခုမှ မရှိတာ သေချာတယ်။

ဒါကြောင့် ပြောတာပါဆို…၊

မုန့်အိုးပုတ်သားတွေ သူတို့ရွာ နာမည်အတွက် သိပ်ဂုဏ်ယူကြပါတယ်လို့…။

အဲ… ဒါပေမဲ့… ဒါပေမဲ့ပေါ့လေ… အဲ့သလို… အနိုလို ဂုဏ်ယူကြတယ် ဆိုတာက လွန်ခဲ့တဲ့ နှစ် ၅၀ လောက်တုန်းကပါ။ လွန်ခဲ့တဲ့ နှစ် ၅၀ လောက်တုန်းက မုန့်အိုးပုတ် အပြင်ဘက် ၅ မိုင်ထက် ခရီးပိုမသွားဖူးတဲ့ မုန့်အိုးပုတ် မျိုးဆက်ဟောင်းကြီးတွေတုန်းကပါ။ အခု မဟုတ်တော့ပါဘူး။

အခုတော့ မုန့်အိုးပုတ်ရဲ့ မော်ဒန်၊ ပို့စ်မော်ဒန်၊ နီယိုမော်ဒန် သကောင့်သား၊ သကောင့်သမီးလေးတွေက မုန့်အိုးပုတ် ဆိုတဲ့ နာမည်ကို ရှက်တော်မူကြသတဲ့။ တခြားမြို့ရွာက လူတွေနဲ့ တွေ့ဆုံခင်မင်ကြလို့ လိပ်စာ ပေးတဲ့အခါ မုန့်အိုးပုတ်ကျေးရွာလို့ ပြောထွက်ရမှာ ရှက်လွန်းရှာကြပါသတဲ့။ ရွာနာမည်က တုံးလွန်းတော့ သူတို့မှာ မျက်နှာငယ်ရပါသတဲ့။

မုန့်အိုးပုတ် မျိုးဆက်ဟောင်းကြီးတွေခမျာ အံ့တွေတောင် သြလို့။ ဘယ့်နှယ်… သူတို့ဘဝ တလျှောက်လုံး မုန့်အိုးပုတ်နာမည် အောက်မှာပဲ မွေးဖွားကြ၊ အိမ်ထောင်သားမွေးကြ၊ နောက်ဆုံး ကွယ်လွန်သွားကြရင်တောင် မုန့်အိုးပုတ် သချိုင်းမှာပဲ မြှုပ်ခဲ့ကြတာပဲ မဟုတ်လား။ အခု သင်းတို့ ခေတ်ကျမှ မုန့်အိုးပုတ် နာမည်ဟာ မျက်နှာငယ်ရသတဲ့။

သူတို့လည်း သိပ်တော့ အပြစ် မပြောသာပါဘူး။ အခု ဒီမော်ဒန် လွန် ၂၁ ရာစု မုန့်အိုးပုတ်သူ၊ မုန့်အိုးပုတ်သားတွေဟာ မုန့်အိုးပုတ် ဆို


mgyoe.com

mgyoe.com SAMPLE BOOK


သဟာ စားစရာလား၊ ကစားစရာလားတောင် ခွဲခြား သိနိုင်ကြတာမှ မဟုတ်တာ။ မုန့်အိုးပုတ် ဆိုသဟာ ချဉ်သလား၊ ခါးသလားလို့တောင် အရသာ ခံစားဖူးကြတာမှ မဟုတ်တာ။

တခါကဆို မုန့်အိုးပုတ်ရဲ့ ပိုစ့်မော်ဒန် သကောင့်သား ရန်ကုန် သုံးခေါက် ပြန်လေးတွေက ရွာနာမည် ပြောင်းဖို့တောင် ကြိုးစားကြတဲ့ အထိပဲ ဆိုပါတော့။

ကျေးရွာအုပ်ချုပ်ရေးမှူးကြီး အိမ်ကို သူတို့က အဖွဲ့လိုက် ချီ တက်လာကြတာ။ သူတို့ကိုယ် သူတို့ မြို့ကြီးသား မဆန် ဆန်အောင် တမင် အားထုတ် ပြင်ဆင်ထားကြပါသေးတယ်။ ယုတ်စွအဆုံး လျှာထိုး ဦးထုပ်လေး ဆောင်းတာက အစ ခေတ်လူငယ်နဲ့ ပိုတူအောင် နောက်ပြန် ဆောင်းတာမျိုး၊ ပုံမှန်ဂျင်းဘောင်းဘီ ဝတ်ထားတာတောင် ဘောင်းဘီခွကို လက်တဖက်နဲ့ မကြာမကြာ ဆွဲမနေတာမျိုးတွေ လုပ်တတ်ပါသေးတယ်။

အုပ်ချုပ်ရေးမှူးကြီးက သံပန်းကန်ပြားထဲ ထည့်ထားတဲ့ ကွမ်း သီးတွေကို ကွမ်းညှပ်နဲ့ တဒုတ်ဒုတ် ညှပ်နေရင်းက သူတို့ကို ငဲ့ကြည့်တယ်။ ပြီးတော့ ဖော်ဖော်ရွေရွေပဲ ဆီးကြိုလိုက်ပါတယ်။

"ကဲ... ဆိုစမ်း" တဲ့။

တခွန်းတည်းပဲ။ ပြီးတော့ သူ့ဘာသာ ကွမ်းသီး ဆက်ညှပ်နေ တယ်။

သကောင့်သားလေးတွေ တအုပ်လည်း အုပ်ချုပ်ရေးမှူးကြီးရဲ့ ဖော်ရွေမှုကြောင့်မနေတတ်မထိုင်တတ်အောင်ကိုအရှိန်တန့်သွားကြတာ။ ဒါပေမဲ့ သူတို့ကလည်း အနည်းနဲ့အများ ဆိုသလောက်တော့ ကြိုတင် မျှော်လင့် ထားပြီးသားပါ။ ဒါမျိုးတွေကို။

"ဒီ... ဒီ... ဒီလိုပါ အန်ကယ်သူကြီး..."

သူတို့က အုပ်ချုပ်ရေးမှူးဆီ သူတို့ဘာသာ ရွေးထားတဲ့ ရွာ နာမည် အသစ်တွေ တင်ပြကြပါတယ်။ နာမည်အသစ် ရွေးတဲ့အခါ မူရင်း


mgyoe.com

mgyoe.com
SAMPLE BOOK


စားစရာ နာမည်လည်း ပါအောင် အင်တာနေရှင်နယ်ကြီးလည်း ဆန်အောင် ဆိုပြီးတော့လေ။

"အံ့မယ်… မင်းတို့က ရာရာစစ… ရွာနာမည်တောင် ပြောင်းချင်ရအောင်… ကဲ… လုပ်စမ်းပါဦး၊ မင်းတို့က ဘာနာမည် ပေးချင်ရပြန်တုံး"

ထင်တဲ့ အတိုင်းပါပဲ။ အုပ်ချုပ်ရေးမှူးကြီးလည်း ညှပ်လက်စ ကွမ်းသီးနဲ့ ကွမ်းညှပ်စိပ်ကို သံပန်းကန်ထဲ ဝွမ်ခနဲ ပစ်ချလိုက်တယ်။

"ဂျေ… ဂျေဒိုးနက်ကျေးရွာ…"

"ဘာ… ဇေဒိုးပတ်ကျေးရွာ… ဟုတ်လား…"

"နိုး… နိုး… အန်ကယ်သူကြီး… ဂျေဒိုးနက်ကျေးရွာပါ… ဂျေ… ဒိုး… နက်…"

သကောင့်သားလေးတွေ ဘယ်လို ရှင်းပြ ရှင်းပြ၊ သကောင့်သားကြီးရဲ့ နားထဲမှာတော့ ရှုပ်ထွေးနေတုန်းပါပဲ။

ဒါပေမဲ့ အဲဒီပြဿနာကို သူတို့ဘာသာ ဖြေရှင်းနိုင်ကြပါတယ်။ သူတို့က မခေပါဘူး။ အုပ်ချုပ်ရေးမှူးကြီးရဲ့ ဗဟုသုတကို ကြိုတင်ခန့်မှန်းပြီး လက်ဝါးလောက် ဟန်းဖုန်းကြီးတွေထဲက ဂျေဒိုးနက်မုန့် ဓာတ်ပုံနဲ့ တကွ ပြတာ။

"ဟာ… မုန့်လှည်းဘီးကြီးများကွာ…"

အုပ်ချုပ်ရေးမှူးကြီး ခေါင်းရမ်းပြီး ရေရွတ်လိုက်တယ်။ ဒီမုန့်မျိုး သူ သိတာပေါ့။ မြို့မှာ အလုပ်လုပ်နေတဲ့ သူ့သမီး အိမ်ပြန်လာရင် ဝယ်ဝယ်လာတတ်တာ။ တကယ်က 'မုန့်လှည်းဘီး' လို့ သူတို့ ခေါ်နေကြတဲ့ မုန့်ပဲ။ ဖွယ်တယ်တယ်နဲ့။ ထန်းလျက်တွေ ဈေးကြီးလို့လား ထင်ပါရဲ့၊ အချိုလည်း ပေါ့သေးတာကိုး။

အုပ်ချုပ်ရေးမှူးကြီးက အဲဒီမုန့် မကြိုက်လို့လားတော့ မသိပါဘူး၊ ငြင်းလိုက်တယ်။

"မုန့်အိုးပုတ်နာမည်ကို မမီသေးဘူးကွ…"


mgyoe.com

mgyoe.com SAMPLE BOOK


ဒါနဲ့ သကောင့်သားလေးတွေကလည်း ‘ဒါဆိုလည်းရတယ်လေ’ ဆိုတဲ့ မျက်နှာပေးတွေနဲ့ နာမည်အသစ်တခုကို တင်ပြတယ်။ ဒါလည်း စားစရာနာမည်ပဲ။

“ဟမ်ဘာဂါကျေးရှာ...”

“ဘာ... ဘယ်လို... သံဘာဂျာ... ဟုတ်လား...”

“နိုး... နိုး... အန်ကယ်သူကြီး... ဟမ်... ဘာ.... ဂါ... ပါ”

ဒီတခါတော့ အုပ်ချုပ်ရေးမှူးကြီး ငြိမ်ကျသွားတယ်။ ဆိတ်ဆိတ်နေခြင်းနဲ့ လက်ခံလိုက်တဲ့ ငြိမ်ကျသွားတာမျိုးတော့ မဟုတ်ဘူး။ ဟမ်ဘာဂါ ဆိုတာ သူ မစားဖူးတဲ့အပြင် ကြားလည်း မကြားဖူးသလို မြင်လည်း မမြင်ဖူးဘူး။ သကောင့်သား မုန့်အိုးပုတ် မျိုးဆက်သစ်လေးတွေက ဒါကို သူတို့ အခွင့်အရေးပဲလို့ မြင်ပုံရပါတယ်။

မုန့်အိုးပုတ် မျိုးဆက်ဟောင်း အုပ်ချုပ်ရေးမှူးကြီး မျက်လုံးထဲ ဟမ်ဘာဂါ ဆိုတဲ့ ယူရုပီယံဖု(ဒ်)ကြီး ထင်းထင်းကြီး ပေါ်လာအောင် ကြိုးစား ရှင်းပြရှာကြပေမဲ့ အုပ်ချုပ်ရေး မှူးကြီးကတော့ ကျွဲပါး ဒီရေ ပွတ်ပြသလိုပါပဲ။

ဒီအချိန်မှာပဲ သကောင့်သားလေး တယောက်က လက်ဝါးလောက် ဟန်းဖုန်းကြီးကို ထုတ်ပြီး အင်တာနက် ဆိုသဟာကြီးကနေ ဒေါင်းလုတ်ဆွဲ ထားတဲ့ ဟမ်ဘာဂါဓာတ်ပုံ တပုံကို ထုတ်ပြတယ်။ ခက်တာက ဒီကောင်လေး ပြတဲ့ ဟမ်ဘာဂါဓာတ်ပုံ ဆိုတာက အမဲသားပြားနဲ့ ဆလပ်ရွက် ဘာညာတွေ ညှပ်ထားတဲ့ ပေါင်မုန့်ဝိုင်း နှစ်ခြမ်းပူးကို ဒေါင်လိုက် အမြင်နဲ့ ရိုက်ပြထားတဲ့ ဓာတ်ပုံ ဖြစ်နေတာပဲ။

“ကြည့်ပါ... အန်ကယ်သူကြီး... ဒါဟာ... ဟမ်ဘာဂါ ဆိုတာပါပဲ... အနောက်တိုင်းသား ကုလားဖြူတွေ သိပ်ကြိုက်တဲ့ စားစရာပေါ့ဗျာ... အဲ... သူတို့တင် ဘယ်ကလိမ့်မလဲ... ကျုပ်တို့ နှစ်ဆယ့်တရာစု မုန့်အိုးပုတ်သားတွေလည်း သိပ်ကြိုက်တဲ့... တဲ့... ”


mgyoe.com

mgyoe.com SAMPLE BOOK


"ဟိတ်ကောင်... ဒါ... ဒါ... ဒါက ဟမ်ဘာဂါ... ဟုတ်လား..."

အုပ်ချုပ်ရေးမှူးကြီးက မျက်လုံးကြီးတွေ ကျွတ်ထွက်မတတ် ပြူးကြည့်ရင်း မေးတယ်။

"ဟုတ်ပါတယ်... အန်ကယ်သူကြီး..."

"ဒါ... ဒါ... ဒါကြီးကို စားကြတယ် ဟုတ်လား..."

"ဟုတ်ပါတယ်... အန်ကယ်သူကြီး..."

အုပ်ချုပ်ရေးမှူးကြီး အသားတွေ တဆတ်ဆတ် တုန်လာတယ်။

"ဒီရွာနာမည်ကို ဒီခေတ်ပုံထဲက နာမည်ကြီး မင်းတို့က ပေးမယ်... ဟုတ်လား"

သကောင့်သားလေးတွေလည်း အုပ်ချုပ်ရေးမှူးကြီးက စိတ်ဝင်တစား မေးလာတော့ မျှော်လင့်ချက်ရှိပြီပေါ့ ဆိုပြီး ဝမ်းသာအားရ ပြန်ဖြေကြတယ်။

"သိပ်ဟုတ်တာပေါ့ အန်ကယ်သူကြီးရယ်..."

အုပ်ချုပ်ရေးမှူးကြီးလည်း ဘာမေးခွန်းမှ ထပ်မမေးတော့ဘဲ ငြိမ်ကျသွားပါတယ်။ ပြီးတော့ သံပန်းကန်ပြားထဲက ကွမ်းညှပ်စိပ်ကို အသာ ဆွဲယူလိုက်တယ်။ ပြီးတော့မှ အသံနက်ကြီးနဲ့...

"ဟင်... ဗိုင်းတာမသားတွေ... သေပေတော့ဟ..."

အုပ်ချုပ်ရေးမှူးကြီး ကွမ်းညှပ်စိပ် လှမ်းယူလိုက်ကတည်းက အခြေအနေ မကောင်းဘူးလို့ ကြိုတင်ရိပ်မိထားတဲ့ သကောင့်သားလေးတွေလည်း အုပ်ချုပ်ရေးမှူးကြီး ကွမ်းညှပ်စိပ်နဲ့ လှမ်းပစ်လိုက်တာနဲ့ ပြေးလိုက်ကြတာ တန်းနေတာပါပဲ။ ဘောင်းဘီခွလည်း မ.မနိုင်ကြတော့ပါဘူး။ ဖနောင့်နဲ့ တင်ပါးကို တသားတည်း ကျလို့ပဲ။

ဒီလိုနဲ့ ဟမ်ဘာဂါရဲ့ ဒေါင်လိုက်ခေတ်ပုံကို ဘယ်လိုမျက်လုံးနဲ့ ကြည့်ပြီး ဘယ်လိုက ဘယ်လို ဒေါသအိုး ပေါက်ကွဲသွားမှန်း မသိတဲ့ အုပ်ချုပ်ရေးမှူးကြီးရဲ့ ကွမ်းညှပ်စိပ် ဆုံးဖြတ်ချက်အောက်မှာ မုန့်အိုးပုတ်ကျေး


mgyoe.com

mgyoe.com SAMPLE BOOK


ရွာ နာမည်သစ်ပေးရေး ကော်မတီဝင်လေးတွေခမျာ ခွေးပြေးဝက်ပြေး ပြေးရှာကြရင်း နာမည်သစ် အစီအစဉ်လည်း ကွယ်ပျောက်သွားခဲ့ပါတယ်။

အင်း... အခုတော့... မုန့်အိုးပုတ်ဟာ မုန့်အိုးပုတ်ပါပဲ။

တခုပဲ... တခုလေးပဲ ပြောစရာ ရှိတယ်။

အဲဒါကတော့ မုန့်အိုးပုတ်သူ၊ မုန့်အိုးပုတ်သားတွေဟာ သူတို့ ဝှဲချီး ကျင်းပလေ့ရှိတဲ့ သာရေး၊ နာရေး ဖိတ်စာတွေမှာဆို အရင်တုန်းကလို 'မုန့်အိုးပုတ်ကျေးရွာ'လို့ ပီပီသသ မထည့်ကြတော့ဘဲ 'မုန့်အိုးပုတ်ရပ်' ဆိုတာမျိုး ထည့်လို ထည့်လာကြပြီ။ 'မုန့်အိုးပုတ်ရပ်ကွက်' ဆိုတာမျိုးလည်း မသိမသာနဲ့ ဝေါဟာရနယ်ချဲ့ပြီး ထည့်လာကြပြီ။

သူတို့မှာလည်း သူတို့အကြောင်းပြချက်နဲ့ သူတို့ကတော့ ဟုတ်သားဗျို့ ကြည့်ဦးလေ... သူတို့ ပြောတာလည်း...။

အခုဆို ရွာလမ်းပေါ်မှာ ခရိုးခရိုင် လျှပ်စစ်တိုင်နဲ့... တဲ့။

(မီးမှန်တာ မမှန်တာ၊ ဝပ်အား ပြည့်တာ မပြည့်တာ အသာထား ပေါ့လေ၊ လျှပ်စစ်မီးတိုင်တွေ တန်းစီစိုက်ပြီး မီးကြိုးတွေ တတိုင်နဲ့ တတိုင် သွယ်တန်း ထားရင်ကို ခေတ်မီ ဂုဏ်ရှိလှပြီကိုး)

အခုဆို သူတို့မှာ မိုဘိုင်းဖုန်းနဲ့ အင်တာနက်နဲ့... တဲ့။

(လိုင်းမမိလို့ သစ်ပင်ပေါ် တက်ပြောကြရဲ့ လိမ့်ကျပြီး ခြေကျိုး လက်ပဲ့ ဖြစ်ကြရတာတွေ အသာထားပေါ့။ )

အခုဆို ရွာထဲမှာ လက်ဖက်ရည်ဆိုင်နဲ့ ဘီယာဆိုင်နဲ့... တဲ့။

( ရိုက်မှုတွေ ထူပြော များပြားလာတာ ထည့်မပြောကြေး။)

အခုဆို မုန့်အိုးပုတ်သူတွေဟာ စကတ်အကွဲ ရင်ဟာပြဲနဲ့ 'ဖွဘုတ်' ဆိုသဟာကြီးမှာ ဆယ်ဖီဓာတ်ပုံတွေ တင်ကြရင်း ဖိုတိုမော်ဒယ် ဘဝကို အော်တို ရနေကြပြီတဲ့။

အိုး... သူတို့ အကြောင်းပြချက်တွေက ရေတွက်လို့မှ မကုန်ဘဲ။ ဒီလို တချိန်က မြို့ပြ သင်္ကေတတွေလို့ တရားသေ ယူဆထားခဲ့သမျှတွေ


mgyoe.com

mgyoe.com
SAMPLE BOOK


ဟာ အခုလို ရွာလမ်းပေါ်၊ ရွာနောက်ဖေး၊ ရွာအိမ်ခန်း၊ ရွာအိမ်သာပါ မကျန် ရှိနေမှတော့ ဒါဘယ့်နှယ်လုပ် ရွာဆိုသဟာကြီး ဖြစ်နေရဦးမှာလဲ... တဲ့။

*

တကယ်တော့ မုန့်အိုးပုတ်ရဲ့၂၁ ရာစု ပို့စ်မော်ဒန် မျိုးဆက်လေး တွေခမျာ သူတို့ချက်မြုပ် မုန့်အိုးပုတ်ရဲ့ ဂုဏ်ယူဖွယ် ရွှေရောင်ငွေရောင် ပတ္တမြားရောင် အိုး... နဝရတ် ကိုးပါးအရောင် တပြောင်ပြောင် တောက်ပ ခဲ့တဲ့ အတိတ် သမိုင်းတွေကိုမှ မသိရှာကြတော့ပဲကိုး။

တချိန်က မုန့်အိုးပုတ်သူ မုန့်အိုးပုတ်သားကြီးတွေရဲ့ ရဲရဲတောက် သတ္တိ၊ ချိုးဖျက်မရတဲ့ စည်းလုံးမှုနဲ့ မုန့်အိုးပုတ် သမိုင်းဂုဏ်ဆောင် ပုဂ္ဂိုလ် ကြီးတွေရဲ့ အကြောင်းများ သူတို့လေးတွေ သိခဲ့ကြမယ် ဆိုပါရင်...။

အိမ်း... မုန့်အိုးပုတ်သမိုင်းရဲ့ အထင်ရှားဆုံး၊ အရဲရင့်ဆုံး၊ ဂုဏ် အပြောင်ဆုံး ပုဂ္ဂိုလ်တွေအကြောင်း ပြောကြကြေးဆို တဦးတယောက် သော 'သူ' ကိုတော့ ဘယ်ချန်ထားလို့ ရပ့ါမလဲလေ။

'သူ' ဆိုတာကလား...။

သူက... သူက... သူ့နာမည်က...။

ဦးပွကြီး... တဲ့။

မုန့်အိုးပုတ်ရဲ့ သမိုင်းကြောင်းကို ပိုင်းခြားပြရရင် အဓိက ခေတ် ကြီး ၄ ခေတ် ထွက်လာပါမယ်။

၁။ ကညင်ဆီ မီးတုတ်ခေတ်

၂။ ရေနံဆီ မီးခွက်ခေတ်

၃။ ဘတ္တရီအိုးခေတ် (မုန့်အိုးပုတ်အခေါ် ဘယ်ဒီအိုး၊ အားအိုး) နဲ့

၄။ လျှပ်စစ်မီးခေတ်


mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုတဲ့ ခေတ်ကြီး ၄ ခေတ်ပါပဲ။

အဲ... အခု ပြောပြမယ့် ဦးပွကြီး အကြောင်းကတော့ မုန့်အိုးပုတ် သမိုင်းရဲ့ ဒုတိယခေတ် ဖြစ်တဲ့ ရေနံဆီမီးခွက်ခေတ်မှာ ထင်ထင်ရှားရှား ဖုံးမနိုင် ဖိမရ ပေါ်ထွက်လာခဲ့တဲ့ မုန့်အိုးပုတ် အရေးတော် ပုံကြီးတခုပဲ ဆိုပါတော့။

အဲ... အဲဒီလို ရေနံဆီမီးခွက်လေး ထွန်းထားတဲ့ တညသားမှာ ပေါ့...။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း (၈)

သူဇိုးနှစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

အိမ်နောက်ဖေးကို ခပ်သုတ်သုတ် လျှောက်သွားလိုက်တယ်။ ခြံစည်းရိုး အနောက်ထောင့်က ကောက်ရိုးပုံနား ရောက်တော့ ဘေးဘီကို တချက် ဝေ့ကြည့်တယ်။ ကင်ပွန်းချုံပင် အကိုင်းအခက်တွေက လုံခြုံရေး အတွက် စစ်ကူပေးနေသလို ညွတ်ကိုင်းနိမ့်ဆင်းလို့။

ဟုတ်ပြီ။ အိမ်ဘက်မှာလည်း လမ်းကြောင်း ရှင်းနေတယ်။ ခြံစည်းရိုး အပြင်ဘက် လယ်ကွင်းပြင်ကြီးထဲမှာလည်း လူရိပ်လူယောင် မတွေ့ဘူး။ ဟိုးအဝေးမှာတော့ နွားချေးကုန်းရွာက ခပ်ပျပျ။ ဒီလောက်ဆို စိတ်ချရပြီပေါ့။

ကောက်ရိုးပုံ အခြေမှာပဲ ခြေထောက်နှစ်ချောင်းကို ခပ်ကျဲကျဲ ကားပြီး မတ်တတ်ရပ်လိုက်တယ်။ နောက်က ထဘီစလေးကို တင်ပါးကြီး ပေါ် ဆွဲချိတ်လိုက်ပြီး တင်းထားတဲ့ ကြွက်သားတချို့ကို ဖြည်းဖြည်းချင်း ဖြေလျှော့ပေးလိုက်တယ်။ တင်းထားတဲ့ အကြောအမျှင် တချို့ကိုလည်း တစ တစ လွှတ်ပေးနေလိုက်တယ်။ ဟုတ်ပြီ။ ဟုတ်ပြီ။ နီးလာပြီ...။

အံမယ်လေး... တော်ပါသေးရဲ့တော်။



mgyoe.com

mgyoe.com
SAMPLE BOOK


ဒေါ်ခင်သိမ်း ဖျတ်ခနဲ လန့်နိုးသွားတယ်။ အိပ်မက် မက်နေတာပါလား။ အိပ်မက်ထဲမှာ ထုံးစံအတိုင်း အိမ်နောက်ဖေးက ကောက်ရိုးပုံအကွယ်မှာ ရှုးရှုးပေါက်ဖို့ ပြင်နေတာ။ အိပ်ရာက နိုးတာနဲ့ ပထမဆုံး ခံစားလိုက်ရတာက ထိပ်ဝက ကိစ္စပဲ။ အိပ်မက်မက်ပြီး ထိန်းထားတဲ့ ကြွက်သားတွေ လျှော့ပေးထားတာမို့ အခုတော့ ရေတံခါးက ကျိုးလုလု ဖြစ်နေပြီ။ ကံကောင်းလို့ လန့်နိုးတာ။ နို့မို့ဆို ငါးဆယ်ကျော်မှ ကံပေါ်တာ မဟုတ်ဘဲ ငါးဆယ်ကျော်မှ အိုကြီးအိုမ ရှုးထွက်ကျ ဆိုပြီး ကျော်မကောင်း ကြားမကောင်း ဖြစ်ကုန်ရှာမယ်။

ညရေးညတာ အိမ်အောက်ဆင်းပြီး အပေါ့သွားရမယ် ဆိုတော့ ဒေါ်ခင်သိမ်း ပထမဆုံး သတိရတဲ့အရာ နှစ်ခုက သုံးတောင့်ထိုး ဓာတ်မီးကြီးနဲ့ ကိုပွ။ ခေါင်းအုံး နှစ်လုံးဘေးက လက်နှိပ်ဓာတ်မီးကြီးကို တန်းခနဲ စမ်းမိပေမယ့် သူ့ရဲ့ ကိုပွကိုတော့ မစမ်းမိပေဘူး။ အိပ်ရာက ဝုန်းခနဲ ထထိုင်လိုက်တယ်။ ဦးပွကြီး အိပ်ရာက လွတ်ဟာလို့။

ဟင်... ဒီလူကြီး ဘယ်ရောက်သွားပါလိမ့်။ ကြီးတောင်ကြီးမား မယားကြီးငုတ်တုတ် အထင်အရှား ရှိနေပါလျက် ဘယ်ကောင်မအိမ်များ စက်ပုန်းခုတ်နေပါလိမ့်။

ဒေါသကဒေါ်ခင်သိမ်းငယ်ထိပ်ကိုထောင်းခနဲဆောင့်တတ်လာတယ်။ အဲ... လောလောဆယ် ငယ်ထိပ်တက်လာတဲ့ ဒေါသကို အသာထား၊ အခု အရေးကြီးတာက ဆီးသွားချင်လှပြီ။ လက်နှိပ်ဓာတ်မီး အားကိုးနဲ့ ကိုယ့်ဘာသာ ဆင်းပြီး အိမ်နောက်ဘက် တံစက်မြိတ်အောက်မှာပဲ ကိစ္စပြီး လိုက်တော့မယ်။ ဖိုးယို့ဖားယား ဆံပင်တွေကို ကမန်းကတန်း ထုံးပတ်လိုက်ပြီး အိပ်ရာက ထတယ်။ ပြီးတော့ လက်နှိပ်ဓာတ်မီး ခလုတ်လေးကို နှိပ်မယ် လုပ်ခါမှ...

ဟင်... ဘုရား... ဘုရား... မီး... မီးတွေပါလား။

အိမ်ခန်း ဝါးထရံပေါက်လေးတွေ ကြားကနေ မြင်လိုက်ရတဲ့ မီး


mgyoe.com

mgyoe.com SAMPLE BOOK


ရောင်တွေကြောင့် ဒေါ်ခင်သိမ်း မျက်လုံး ပြူးသွားတယ်။ ညက ဘုရားမီးပူဇော်ထားခဲ့တဲ့ ဆီမီးခွက်ကို မငြိမ်းခဲ့ရလို့များ မီးစွဲလောင်နေရော့သလား။ ဒါမှမဟုတ်… စုန်း… စုန်း… စုန်းမီး တောက်စားနေတာများလား။ အိုး… စုန်းမီးက ငါ့အိမ်ပေါ် ဘယ်လိုလုပ် ရောက်နေရမှာလဲ။

အခုတော့ ဒေါ်ခင်သိမ်းတယောက် ဆီးသွားချင်နေတာလည်း မေ့၊ အိပ်ရာထဲက တိတ်တဆိတ် ပျောက်သွားတဲ့ ဦးပွကြီးကိုလည်း မေ့။ တွေးတထင့်ထင့် ရင်တခုန်ခုန်နဲ့ အိမ်ခန်း ထရံပေါက်လေးတွေ ကြားကနေ ချောင်း ကြည့်လိုက်တော့…။ လား… လား… သင်းကိုး…။

ပထမဆုံး ဒေါ်ခင်သိမ်း မြင်လိုက်ရတာက ရေနံဆီ မီးခွက်တိုင် ရှည်ကြီးရဲ့ နီကြင်ကြင် မီးရောင်။ အဲဒီမီးရောင်အောက်မှာက လူ တယောက်။ ကိုယ်လုံး ဖိုင့်ဖိုင့်၊ နှုတ်ခမ်းမွေး ကောင်းကောင်းနဲ့ လူကြီး။ ဘယ်သူရှိမလဲ၊ အဲဒါ ဦးပွကြီးပေါ့။ ဟော့ဒီ မုန့်အိုးပုတ်ရွာရဲ့ အုပ်ချုပ်သူ ရွာလူကြီးလည်း ဖြစ်၊ ဘုန်းတော်ကြီးကျောင်း ဂေါပက တယောက်လည်း ဖြစ်၊ ရွာဦးစေတီတော်ရဲ့ ဘုရားလူကြီး တယောက်လည်း ဖြစ်၊ ပြီးတော့ ဒေါ်ခင်သိမ်းရဲ့ အိမ်ဦးနတ်ကြီးလည်း ဖြစ်တဲ့ ဦးပွကြီးပေါ့။

အခုလို ညနက်သန်းခေါင် အချိန်မတော် လူခြေတိတ်မှ မီးခွက် ကြီး ထွန်းပြီး ဗီရိုမှန်ရှေ့ ဘာရပ်လုပ်နေတာလဲလို့ မေးစရာ ရှိတယ်။ ဟုတ် ပါတယ်။ ဦးပွကြီး ဘာလုပ်နေတာပါလိမ့်။

တကယ်တော့ ဒေါ်ခင်သိမ်းတယောက်လည်း သူ့ယောက်ျားကြီး ဘာလုပ်နေတယ် ဆိုတာ ရုတ်တရက် သဘောမပေါက်ဘူးရယ်။ ဒါပေမဲ့ ခဏလောက် မျက်စိကျင့်သားရအောင် ကြည့်မိလိုက်တယ် ဆိုရင်ပဲ ဒေါ်ခင်သိမ်း ကောင်းကောင်း သဘောပေါက်သွားတာပဲ။ ဦးပွကြီး လုပ်နေပုံကို ထရံပေါက်က ချောင်းကြည့်ရင်း ဒေါ်ခင်သိမ်းမှာ တလိပ်လိပ် တက်လာနေတဲ့ ရယ်ချင်စိတ်ကို ပါးစပ် လက်ဝါးကပ် ပိတ်ပြီး အတင်းထိန်းထားရတယ်။ ဦးပွကြီး လုပ်နေပုံက ဒေါ်ခင်သိမ်းတယောက် ရှူးရှူး သိပ်ပေါက်ချင်နေတာ


mgyoe.com

mgyoe.com SAMPLE BOOK


ကိုတောင် မေ့သွားတဲ့ အထိပါပဲ။

တကယ်က ဦးပွကြီးကလည်း သူ့ကိုယ်သူ ပိုင်လှပြီ ဆိုပြီး အပြတ် ကြဲနေတာရယ်။ မိန်းမကလည်း အိပ်တာ သိုးနေပြီ။ သားလုပ်တဲ့ ခင်မောင်ရင်နဲ့ ငယ်မွေးခြံပေါက် မောင်ကြံ့တို့လည်း အိမ်အောက်ထပ်မှာ အိပ်ပျော်လို့ ဟောက်တောင်နေပြီ။ ဒီအချိန် ဘယ်သူကမှလည်း ဧည့်စာရင်း လာတိုင်မှာ မဟုတ်။ တရားဆွေးနွေးရအောင်လိုလိုနဲ့ လက်ဖက်ခွက် လာနိုက်၊ ကွမ်းအစ် လာနိုက်မယ့် ရွယ်တူတန်းတူတွေလည်း ဒီအချိန် လာမှာ မဟုတ်။ ဒီတော့ ဒီလိုအချိန်ဟာ ဒီလိုလုပ်ဖို့ မင်္ဂလာအချိန်ပဲကိုး။

ဗီရိုကို အသံမကြားအောင် ဖွင့်၊ အပေါ်ဆုံးထပ်မှာ သေချာထားတဲ့ပန်းနုရောင်မောင့်ကျက်သရေခေါင်းပေါင်းကိုအသာထုတ်လိုက်တယ်။ ပြီးတော့ ဗီရိုမှန် မှုန်မွှားမွှားထဲက မီးခွက်အလင်းရောင်ကို အားကိုးပြီး သူ့ခေါင်းမှာ စွပ်ကြည့်လိုက်တယ်။

အင်း... လူမှာ အဝတ်၊ တောင်းမှာအကွပ်တဲ့။ ရှေးလူကြီးသူမများ ငါ့အတွက် ဒီစကားပုံကို တမင်ထားခဲ့သလားတောင် ထင်ရတယ်။ ကြည့်စမ်းပါဦး။ အပြင်အဆင်များ စကားပြောတာသာ ကြည့်တော့။ မောင့်ကျက်သရေ ခေါင်းပေါင်းလေးတခု ကောက်စွပ်ကြည့်လိုက်တာနဲ့ ဥပမိရှပ်က မျောက်စိမ်း ဓာတ်ခဲ သုံးတောင့်ထိုး ဓာတ်မီးကြီး လေးလက်လောက်နဲ့ တပြိုင်နက်တည်း ထိုးလိုက်သလို ထင်းခနဲ ဖြစ်သွားတာ။ နှုတ်ခမ်းမွေးကြီး ဆိုတာ ပိုတောင် ကော့လာ၊ ကားလာသလိုပါပဲ။

လောဘဆိုတာ မသတ်နိုင်ဘူးလေ။ ဗီရိုထဲက အပေါ်ဆင့်မှာပဲ သေချာခေါက်သိမ်းထားတဲ့ ပန်းနုရောင် တိုက်ပုံအင်္ကျီ အသစ်ကြီးကို အပေါ်က ထပ်ဝတ်ကြည့်လိုက်တယ်။

ဟား... ကြည့်စမ်း၊ ပွကြီးရဲ့ ဥပမိဆိုတာ ဒီလို မုန့်အိုးပုတ် ဆိုတဲ့ ရွာသိမ်ရွာငယ်လေးမှာ အုပ်ချုပ်သူ လူကြီးမင်း လုပ်နေရတာနဲ့ မတန်လိုက်ပုံများ။ ပွကြီး ကံခေလို့ လူဖြစ် နောက်ကျခဲ့လေသလားလို့လည်း


mgyoe.com

mgyoe.com SAMPLE BOOK


မချင့်မရဲ တွေးမိပါသေးတယ်။ ပါတော်မမူခင် လက်ထက်တော်ကြီး၊ လက်ထက်တော်လေးတို့ ခေတ်ကဆိုရင် မြို့ဝန်လောက်တော့ အသာလေး ဖြစ်လောက်တဲ့ ဥပမိရုပ်ပါလား။

ဒီမောင့်ကျက်သရေခေါင်းပေါင်းနဲ့ ဒီတိုက်ပုံနဲ့ တွဲဖက်ဆင်ယင်ပြီး လွန်ခဲ့တဲ့ နှစ်လလောက်က ကျင်းပခဲ့တဲ့ ရွာဦးစေတီ ထီးတင်ပွဲမှာ ရှေ့ဆုံးက စိန်ဖူးတော်ကြီး ကိုင်ခဲ့တာ သွားသတိရမိတယ်။ အင်း... အဲဒီတုန်းက ငါ့ဥပမိ အဘယ်သို့ ရှိခဲ့ပါလိမ့်။ အဘယ်မျှ ထွန်းလင်းတောက်ပခံ့ညားခဲ့ပါလိမ့်။ အဲဒီတုန်းက ထီးတော်ကြီး ရွာထဲ အပူဇော်ခံ (တကယ်တော့ အလှူခံတာပါ) လှည့်လည်ခဲ့တုန်းက ခြံဝကနေ ဝတ္ထုငွေ ထွက်လှူခဲ့တဲ့ မိတင်ကြည် မျက်နှာတောင် ပြေးမြင်ခဲ့သေး။ အရင်တုန်းက သူ ငြင်းမိခဲ့တဲ့အတွက် နောင်တတွေ ရင်မှာ ပွေ့ထားရတဲ့ မျက်နှာမျိုးပါလား။

အင်း...အဲဒီတုန်းက ရွှေချည်ဖောက်စာလုံးတွေရေးထိုးထားတဲ့ စလွယ်ဖြူကြီးလည်း ပါသေးတာပဲ။ အခုတော့ အိမ်မှာ စလွယ်က အဆင်သင့် မရှိတော့ဘူး။ အိုး... ဘယ်သူရှိလို့၊ ဘယ်သူ မြင်တာမှတ်လို့။

သူ့ခါးက ပုဆိုးကွက်တုံးကြီးကို အသာဆွဲဖြုတ်လိုက်ပြီး နွားကျောင်းသားလေးတွေလို စလွယ်ကောက်သိုင်းလိုက်တယ်။ အောက်ပိုင်းက အေးခနဲ လွတ်ဟာသွားပေမယ့် အဲဒီခံစားချက်ကို မေ့လိုက်တယ်။ သူ ရပ်ကြည့်နေတဲ့ ဗီရိုမှန်ကလည်း ခါးအထက်ပိုင်းပဲ မြင်ရတာဆိုတာ သူ မလိုတာတွေလည်း မမြင်ရဘူးမို့လား။

ဦးပွကြီး ဗီရိုမှန်ကို ကြည့်ပြီး ဖြည်းဖြည်းချင်း နောက်ပြန်ဆုတ်တယ်။ ပြီးတော့ ထီးတော် လှည့်ပွဲတုန်းက စိန်ဖူးတော် ကိုင်ခဲ့ရသလို လက်နှစ်ဖက်ကို ရှေ့ထုတ်ပြီး ပူးဆုပ်လိုက်တယ်။ ပြီးတာနဲ့ ဖြည်းဖြည်းချင်း လမ်းလျှောက် ကြည့်တယ်။ အင်း... တယ်လည်း ခံ့ညားလှပါလား။ ဒါကြောင့်လည်း ဘုရားထက်ကြီးတဲ့ ဘုရားလူကြီးလို့ ရွာထဲက ငါ့ကို တီးတိုးပြောကြတာပေပဲ။


mgyoe.com

mgyoe.com SAMPLE BOOK


ဦးပွကြီးလည်း လွန်ခဲ့တဲ့ နှစ်လလောက်က ကျင်းပပြီးဆုံးခဲ့တဲ့ ထီးတင် ပွဲတုန်းက ဝတ်ခဲ့တဲ့ မောင့်ကျက်သရေ ခေါင်းပေါင်းနဲ့ တိုက်ပုံ အင်္ကျီကို ပြန်ထုတ်ဝတ်ပြီး မီးခွက်အလင်းရောင် အားကိုးနဲ့ ဗီရိုမှန် မှုန် ဝါးဝါးရှေ့မှာ စားမြုံပြန်ရင်း တယောက်တည်း သဘောတွေကျလို့။ ခါး အောက်ပိုင်းက လွတ်ဟာဟာ ကြီးဖြစ်နေတဲ့ ခံစားချက်ကိုတော့ မေ့ထားရ တာပေါ့လေ။

အိမ်ခန်း ထရံပေါက်က ချောင်းကြည့်ရင်း ဒေါ်ခင်သိမ်း ခွိခနဲ ရယ်မိသွားတယ်။ ပါးစပ်ကို လက်ဝါးနဲ့ အသေအချာ ပိတ်ထားတဲ့ကြားက ထွက်သွားတာပါ။ ဦးပွကြီးလည်း ဗီရိုမှန်ရှေ့ အိုက်တင်ကျင့်နေရဲ့။ ဖျတ်ခနဲ ရပ်ပြီး နားစွင့် လိုက်တယ်။ တအောင့်လောက် ကြာတဲ့အထိ ဘာသံမှ ထပ်မကြားရတော့မှ သူ့ရဲ့ ဝတ်စုံပြည့် ထီးတော်တင် သရုပ်ဆောင်ကွက် တွေကို ပြန်စတယ်။

လက်နှစ်ဖက်ကို တဖက်နဲ့တဖက် ပူးဆုပ်လို့ ရှေ့ကို ထုတ်လိုက် တယ်။ ဒါက စိန်ဖူးတော် ကိုင်ခဲ့တုန်းက အမူအရာ။ ပြီးတော့... ပြီးတော့... ဟင်... မှန်းစမ်း... ဘာသံတွေပါလိမ့်။ အသံလိုလို... ဘာလိုလို။ အော်သံ တွေလား။ နားကို စိုက်ထားလိုက်တယ်။ ဟုတ်တယ်။ အော်သံ တခုခုပဲ။ ဒါပေမဲ့ ခပ်ဝေးဝေးက လာနေတာမျိုး။

"သူခိုးဗျို့... သူခိုး... သူခိုး..."

ဟိုက်... နင့်မေကလွှားမှပဲ။

အသံက ရွာအရှေ့ပိုင်းဆီကနေ လာတာ။ ခပ်သဲ့သဲ့ပဲ။ ပထမ တော့ အော်သံက တယောက်တည်း အော်တဲ့အသံ။ နောက်တော့ နှစ်ယောက် သုံးယောက် အသံ။ တဖြည်းဖြည်းနဲ့ သူခိုးအော်သံက လူအုပ် လိုက် သံပြိုင်အော် နေကြတဲ့ အသံ။ ဟိုက ဒီက ထထဟောင်လိုက်ကြတဲ့ ခွေးဟောင်သံတွေကလည်း ရောပါလာနေတယ်။

"သူခိုး... သူခိုးဟေ့... သူခိုး..."


mgyoe.com

mgyoe.com SAMPLE BOOK


"ဝုတ် ဝုတ်... ဝုတ် ဝုတ်..."

ဦးပွကြီးလည်း ဝတ်စုံ မပြည့် တပြည့်နဲ့ မှန်ဗီရိုကြီး ရှေ့သာ ရပ်နေရတယ်၊ အိုက်တင်က မကျင့်ဖြစ်တော့ဘူး။ မောင့်ကျက်သရေ ခေါင်းပေါင်းကြီး စွပ်လို့၊ ပန်းနုရောင် တိုက်ပုံအင်္ကျီကြီး ဝတ်လို့၊ စလွယ် ဖြူကြီး... အဲ... ပုဆိုး ကွက်တုံးကြီးကိုလည်း ကွင်းသိုင်းလို့...။ ခွေးဟောင်သံတွေ ကြားရလို့ ထင်ရဲ့၊ အိမ်အောက်က လေးလုံးကလည်း တဝေါင်းဝေါင်း ထိုးဟောင်နေပြီ။

"သူခိုးဗျို့... သူခိုးဟ... လိုက်ဟ... လိုက်ဟ..."

ဟဲ့... သောက်ပလုတ်တုတ်... ။ အော်သံတွေက အိမ်နဲ့ နီးလာပြီပဲ။ ရွာလမ်းပေါ် ပြေးလာကြတဲ့ ခြေသံတွေတောင် တဘုန်းဘုန်း ကြားနေရပြီပဲ။ ဒီအချိန်မှာ ခိုးတဲ့ သူခိုးက ဘာသူခိုးလဲ။ ထဘီရုတ်တဲ့ သူခိုးမျိုးလား။ ကာလသားတွေပဲ ကြက်သားချက်စားဖို့ ဘူးသီး ခိုးကြတာလား၊ ကြက်ဝင်ဆွဲကြတာမျိုးလား။ ဒါမှမဟုတ် အခုလို တလင်းပေါ်ချိန်မှာ တလင်းထဲ ဖြန့်ထားတတ်တဲ့ ကောက်လှိုင်းတွေ ဝင်ဆွဲတဲ့ သူခိုးမျိုးလား။ သူတို့ငယ်ငယ်တုန်းကလို ပီယဆေး ဖော်ဖို့ အမျိုးသမီးအတွင်းခံ ခိုးတဲ့ သူခိုးမျိုးလေလား။

ဦးပွကြီးလည်း သူခိုးအော်သံကြားမှာ သူခိုးငြိကာချဲ့ပြီး သူခိုး အဘိဓာန် ပြုစုနေမိတယ်။

"ဟိုးမှာ ပြေးပြီ... ပြေးပြီ...သူကြီးခြံထဲ ဝင်ပြေးပြီဟေ့... လိုက်ဟ..."

ဟိုက်... ဒီသူခိုး... ကြည့်စမ်း မခံ့တာ၊ ငါ့ကို မခံ့တာ။ ငါ့ခြံထဲ တည့်တည့် ဝင်ပြေးရတယ်လို့။

"ဟဲ့... ခင်သိမ်း... ခင်သိမ်း... ထစမ်း... သူခိုးတဲ့ဟ..."

"ဟိုကောင်တွေ ခင်မောင်ရင်တို့... မောင်ကြွယ်တို့ ထဲကြဦးဟ... မင်းတို့အမေလင် သူခိုးက ခြံထဲ ဝင်လာတယ် ထဟ..."


mgyoe.com

mgyoe.com
SAMPLE BOOK


ဦးပွကြီးတို့ စိတ်မြန်လက်မြန် ဆိုတာ ဒါပဲလေ။ ပါးစပ်ကလည်း အော်၊ လက်ကလည်း သူ့လက်စွဲတော် ဓားကြီးကို နံရံက ဆွဲဖြုတ်တဲ့ပြီး အိမ်အောက်ကို ဘယ်လိုဆင်းလို့၊ ခြံထဲတောင် ဘယ်လို ရောက်သွားလဲ တောင် သူကိုယ်တိုင် မသိလိုက်ဘူးရယ်။ သူ ခြံထဲရောက်တော့ သူခိုးလိုက် အဖွဲ့ကလည်း ခြံစည်းရိုးတွေ တွန်းဖျက်ပြီး ခြံထဲ ပြေးလာနေကြပြီ။

"ဟေ့... ဘယ်မလဲကွ... ဒီသူခိုးက... ရာရာစစ... ငါ့ခြံထဲ..."

"ဟိုမှာ... ဟိုမှာ... သူကြီး စပါးကျီနောက်ထဲ ဝင်ပြေးသွားပြီ... လိုက်ကြဟ... လှံနဲ့ လှမ်းပစ်ဟေ့..."

"လှံနဲ့ လှမ်းပစ်ဟေ့... မလွတ်စေနဲ့ကွ... နောက်ကိစ္စ သူကြီး ရှင်းလိမ့်မယ်..."

ဟင်... တော်တော်ဟုတ်တဲ့ ငါ့ရွာသားတွေ။ မတော်တဆ လူ သတ်မှု ဖြစ်ရင် ငါ ထောင်ကျမယ့် ကိန်းပါလား။

"ဟ... အရှင်ဖမ်းပါဟ... ငါကိုယ်တိုင် ကွပ်မျက်ပစ်မယ်... ဒီ သူခိုးကို... လက်မလွှန်စေနဲ့ဟ..."

ဦးပွကြီးလည်းဟန်ကိုယ်ဖို့မာန်သူ့ဖို့အော်သာအော်နေရတယ်။ သူ့အသံက ဒီလောက် ဆူညံနေတဲ့ တုတ်တပြက် ဓားတပြက်တွေထဲ တိုး လို့တောင် မပေါက်ဘူးရယ်။

သူခိုးက ဘာခိုးသွားတယ်တဲ့ မပြောတတ်ဘူး။ သူခိုးလိုက် အဖွဲ့ကတော့ တကယ့်ကို အားရလောက်ပါတယ်။ ဓားလွတ်တွေရော၊ လှံ တွေရော၊ ခက်ရင်းခွတွေရော၊ ကောက်ဆွတွေရော စုံလို့။ မိရင်တော့ ဒီ သူခိုး အရိုးတောင် ဘယ်နား ကောက်ရမှန်းမသိ ဖြစ်သွားမှာ။

"ထင်းချောင်းနဲ့ ပစ်ဟ... ထင်းချောင်းနဲ့ သိမ်းပစ်"

အော်သူက အော်ပြီး ဦးပွကြီး ထင်းတဲက ထင်းချောင်းတွေ ပြေးဆွဲပြီး စပါးကျီဘက် တသောသော ပစ်တဲ့သူတွေကလည်း ပစ်ကြ။

"လက်မလွှန်စေနဲ့ဟေ့... လက်မလွှန်စေနဲ့ ..."


mgyoe.com

mgyoe.com SAMPLE BOOK


ဦးပွကြီးခြံထဲ တုတ်ပစ်သံ၊ အော်ဟစ်ဆဲဆိုသံ၊ ခဲမှန်သံတွေ ဆိုတာ ဝုန်းဒိုင်းကို ကျဲသွားတာကလား။ ဦးပွကြီးကသာ လက်မလွှန်စေနဲ့ ဘာညာ လိုက်ထိန်းနေတာ၊ ဟိုသူခိုးက တပ်တောင်တာ ဗိုလ်ထုနဲ့ ဗိုင်းဖိနေတဲ့ ကြားက ဦးပွကြီး စပါးကြီးနားမှာပဲ ပျောက်ခြင်းမလှ ပျောက်သွားခဲ့တာ။ လိုက်ရင်းနဲ့ကို မျက်ချေပြတ်သွားတာ။

ဦးပွကြီး ကြက်သီးထရပြီ။ သူခိုးက သူ့ခြံထဲ မျက်ခြေ ပြတ်သွားတာကို။

"ကဲ... ဒီလိုလုပ်ဟေ့... ကံလှတို့ အဖွဲ့က သူခိုးနောက် ခြေရာခံ လိုက်သွားကြ... ကျန်တဲ့လူတွေ ဒီခြံထဲ ပိုက်စိုက်တိုက် ပြန်ရှာကြတာပေါ့ ဟုတ်လား..."

လုပ်ကြတာပါပဲ။ ရှာကြတာပါပဲ။ ဓာတ်မီးတွေနဲ့လည်း တဝင့်ဝင့် ထိုးရှာကြတာပဲ။ မီးအုပ်တွေနဲ့လည်း ပိုက်စိတ်တိုက် ကြည့်ကြတာပါပဲ။ စပါးကျီနေရာတင် ဘယ်ကလိမ့်မလဲ၊ နောက်ဖေးက ကောက်ရိုးပုံထဲတောင် လှံတွေခက်ရင်းတွေနဲ့ တစွပ်


mgyoe.com

mgyoe.com
SAMPLE BOOK


စွပ် ထိုးပြီး ရှာကြတာ။

"ဒီသူခိုးကွာ... လျှင်ချက်... ကြောင်ရုပ်များ ထိုးထားသလား တောင် မသိပါဘူး။ ဘယ်လိုက ဘယ်လို ပျောက်သွားမှန်းကို မသိတာ..."

ရွာသားတွေကလည်း သူတို့ သူခိုးကို ရှာမတွေ့တာနဲ့ သူတို့ ညံ့ တယ် လို့တော့ အဖြစ်မခံဘူး။ သူခိုးကို သိဒ္ဓိတင်ပေးလိုက်တယ်။ ပြီးရော။

"ဒါဆို... ကျွဲခြံက အောင်ဝင်းပဲ ဖြစ်မယ်... ဒီကောင့် ပေါင်နှစ် ဖက်မှာ ကြောင်ဆင်းကြောင်တက်တွေ ထိုးထားတာ..."

ဒီလို တယောက်တပေါက် ပြောနေကြတုန်း သူခိုးနောက် ခြေရာခံ လိုက်သွားကြတဲ့ သူခိုးဖမ်း အဖွဲ့ခွဲလည်း လက်ဗလာသက်သက်နဲ့ ပြန်လာကြတယ်။ အခုလို လမိုက်ည မှောင်မှောင်မည်းမည်းကြီးထဲ သူခိုး တယောက် ရှာတွေ့ဖို့ ဆိုတာ ခက်သားကလား။ ဒီလိုပဲ မကြာမကြာ သူခိုး လိုက်ကြရတဲ့ ညတွေလည်း နည်းမှ မနည်းတော့တဲ့ကိုး။ အဲ... သူခိုး လက်ရ ဖမ်းမိတယ် ဆိုတာကလည်း မရှိသလောက်ပါပဲ။

"ကဲ... ကဲ... ရှိစေတော့... ဒါနဲ့... သူခိုးဝင်တာ ဘယ်အိမ်လဲ ကွ..."

"အရှေ့ပိုင်းက အရီးမအေးအိမ်..."

"ဟာ... မိန်းမသား တယောက်တည်း ရှိတဲ့ အိမ်ကိုမှကွာ... လာ... လာ... အဲဒီအိမ် သွားကြည့်ကြမယ်... ဟိုကောင် ခင်မောင်ရင်နဲ့ မောင်ကြဲ... မင်းတို့ ပြန်မအိပ်နဲ့ဦးနော်... အိမ် သေချာကြည့်ထားကြ..."

"ဟုတ်ကဲ့ပါ အဖေရ..."

ဦးပွကြီးလည်း သူခိုးဖမ်းအဖွဲ့ကို ဦးဆောင်ပြီး ရွာလမ်းမ မှောင် မှောင်ထဲ ဓာတ်မီး တဝင်းဝင်းနဲ့ ချီတက်ခဲ့ကြတာပေါ့။

*


mgyoe.com

mgyoe.com SAMPLE BOOK


# (၂)

ဒေါ်အေး အိမ်မှာကလည်း အိမ်နီးနားချင်းတွေနဲ့ ရုံးစုရုံးစု ဖြစ်နေကြတုန်း။ ဒေါ်အေးကို သတင်းမေးတဲ့ လူက မေး၊ သူခိုး ဘယ်လောက်လျင်ကြောင်း၊ သူကြီးအိမ်မှာ ဝိုင်းမိထားလျက်က ပေါင်တချက် ပုတ်လိုက်တာနဲ့ မျက်စိရှေ့မှာပင် ပျောက်ခြင်းမလှ ပျောက်သွားကြောင်း စသဖြင့် သူခိုးလော်ဘီ လုပ်သူက လုပ်ကြပေါ့။ ဒေါ်အေးကလည်း အိမ်လေးရဲ့ ခလောက်ဆွဲလေးပေါ် ထိုင်လို့ ဖြစ်ကြောင်းကုန်စင်ကို ဘယ်နခေါက်မှန်း သူ့ဘာသာ မမှတ်မိတော့လောက် အောင် ရှင်းပြနေရှာတယ်။

ဒီအချိန်မှာပဲ သူကြီး လာတယ်ဟော့လို့ အသံကြားတာနဲ့ သေသွားတဲ့ သူ့အဖေကြီး သင်္ချိုင်းက ပြန်ကုန်းထလာသလို အားကိုးတကြီး ထပ်ရှင်းပြရှာပါတယ်။

"သူကြီးရယ်... စဉ်းစားသာ ကြည့်ပါတော့။ ကျုပ်က မုဆိုးမ ဆိုပေမယ့် အပျိုကြီးလို နေလာခဲ့တာပါ။ ကျုပ်အိမ်ကို ညကြီးအချိန်မတော် အဖိုဆိုလို့ မုဆိုးဖို မပြောနဲ့ ယင်ဖိုတောင် လာနားဖူးတာ မဟုတ်ပါဘူး"

အကြိမ်ကြိမ် နားထောင်နေရတဲ့ အိမ်နီးချင်းတွေလည်း ဒီလို နိဒါန်း ချီလိုက်ကတည်းက ဒေါ်အေး ကုလားကား ရိုက်တော့မယ် ဆိုတာ သိနေကြပြီ။ တချို့ကလည်း မသိမသာနဲ့ သူတို့အိမ်ဘက် ပြန်ကူးသွားကြတယ်။ တချို့ကလည်း မျက်စောင်းလှည့်ထိုးကြတယ်။ အဲ... ဦးပွကြီးကတော့ နှုတ်ခမ်းမွေးကြီး ကုပ်ကျသွားလေရော။ သက်ပြင်းလည်း ချမိတယ်။ ဒေါ်အေး စကားကြော ရှည်တာ သူ အသိဆုံးကိုး။ လာမိတာ ငါ့အမှားလို့လည်း နောင်တတွေ ရမိတယ်။ ဒါပေမဲ့ ကိုယ်က ရွာအုပ်ချုပ်သူကိုး။ သူလည်း လောလောဆယ် သူခိုး အဝင်ခံထားရတဲ့အိမ်ရှင် ဆိုတော့ နည်းနည်းပါးပါး အခွင့်အရေး ပေးထားမှပါ။


mgyoe.com

mgyoe.com
SAMPLE BOOK


"စဉ်းစားကြည့်ပါ သူကြီးရယ်... ကျုပ်က မုဆိုးမ ဆိုပေမယ့်..."

ဒေါ်အေးက သူခိုးဝင်ဇာတ်ထုပ်ကြီး တကျော့ပြီးတာနဲ့ နောက်ထပ် တကျော့ ထပ်ခင်းဖို့ ပြန်စတယ်။ ဒီတော့ ဦးပွကြီး နှုတ်ခမ်းမွေး ကားသွားပြီ။ မိအေး များသွားပြီလေ။

"ကဲ... မိအေး... နင့်ဘာသာ နင် မုဆိုးမ ဖြစ်တာ အပျိုကြီး ဖြစ်တာကို ငါ လာစစ်တာ မဟုတ်ဘူး၊ သူခိုးက နင့်အိမ် ဝင်သွားတယ်မို့လား... အဲဒါ ဘာတွေ ပျောက်သွားလဲ။ နင်... နစ်နာဆုံးရှုံးတာတွေ များရင်လည်း ငါတို့ ပိုင်းစိုက်ပေးတန် ပေးရအောင်လို့..."

ဒီတော့မှ ဒေါ်အေးလည်း သူ့အိမ်က ဘာပျောက်သွားတယ်ဆိုတာ စဉ်းစားဖို့ သတိရတယ်။ တဘက်လေး ပခုံးပေါ် တင်လို့၊ လက်ချောင်းလေးတွေ ချိုးကာချိုးကာနဲ့ မျက်လုံးလေး ကလယ်ကလယ်လုပ်ပြီး စဉ်းစားတယ်။

"အဲ... သူကြီး... ကျုပ် ပျောက်သွားတာ နှစ်လုံးကြီးတောင်တော့..."

ဦးပွကြီး နှုတ်ခမ်းမွေးတွေ ကားခနဲ ဖြစ်သွားတယ်။

"ဘာ... ဘာနှစ်လုံးလဲ..."

"ဟို... ဟို... ဝပ်နေတဲ့ ကြက်ခြင်းထဲက ကြက်ဥလေးနှစ်လုံး ပါသွားတာကို ပြောတာပါ..."

"ဟာ... ဒါများဟာ နင့်နှယ်... ကြက်ဥလေးနှစ်လုံး အတွက်နဲ့ တရွာလုံးကို ထောင်းလမောင်း ထသွားတာပဲ..."

"သူကြီးရယ်... ကျုပ် တွက်ချက်ပြပါရစေ..."

"အံမယ်... တွက်ချက်ပြဦးမတဲ့... လုပ်စမ်းပါဦး..."

"ကြက်ဥ နှစ်လုံးတည်း ဆိုပေမယ့် မကြာခင် ရက်ပိုင်းအတွင်း ကြက်မလေး နှစ်ကောင် ပေါက်လာမှာလေ၊ အဲဒီကြက်မလေး နှစ်ကောင် ကြီးလာရင် နောက်ထပ် ကြက်ဥတွေ အများကြီး ထပ်ဥ၊ အဲဒီ ကြက်ဥတွေ


mgyoe.com

mgyoe.com SAMPLE BOOK


ကနေ ကြက်မ တွေချည်း ထပ်ပေါက်၊ အဲဒီကြက်မတွေကနေ ကြက်ဥတွေ ထပ်ဥ... အဲဒီကြက်ဥ တွေကနေ ကြက်ခြံကြီး တခြံစာ ကြက်ကလေးတွေ ထပ်ပေါက်..."

"အံမယ်လေးဟ... မိအေးရ... တော်ပါတော့ဟ... နင် ဆက်ပြောရင် တရွာလုံး ရှိသမျှ စိုက်လျှော်ပေးရင်တောင် မလောက်တော့ဘူး...၊ စေတနာ ပျက်သွားပြီ... တော်တော့... ဘာမှ ပြန်မပေးတော့ဘူး... ဟော့ ကောင်တွေ... လာ... သွားမယ်..."

ဦးပွကြီး သွားတော့မယ် ဆိုကာမှ ဒေါ်အေးလည်း သူ့လောဘ ကြောင့် လျော်ကြေးရမှာ မဟုတ်တော့တာကို တွေးမိပြီး အိမ်ထဲက မီး ခွက်တိုင်ရှည်လေး ထုတ်လာပြီး ခလောက်ဆွဲလေးကနေ ဆင်းဖို့ ပြင် တယ်။

"နေပါဦး သူကြီးရယ်... တကယ်တော့ ဒီကိစ္စကို သေချာစဉ်းစား ရင် ဒါဟာ တိရစ္ဆာန် ညှဉ်းပန်းမှု၊ တောရိုင်းတိရစ္ဆာန် တရားမဝင် ကုန်ကူး မှုတွေသာမက မိခင်နဲ့ ကလေး အဲလေ... ကြက်မနဲ့ ကြက်ဥ စောင့်ရှောက် ရေး အသင်းကိုပါ တိုင်လို့... အံမယ်လေး... သူကြီး... တော်... တော်ကြီး... ဒါ... ဘာအချိုး ချိုးလိုက်တာလဲ... ဟင်..."

မီးခွက်လေး ကိုင်ပြီး သူကြီးနောက် ပြေးလိုက်ဖို့ အိမ်ပေါ်က ဆင်းလာတဲ့ ဒေါ်အေး အော်သံကြောင့် လူတွေ သူကြီးကို ပြုံးပြုံး ကြည့်မိ လိုက်ကြတယ် ဆိုရင်ပဲ...။

"ဟာ... သူကြီး၊ ဘယ်လို ဖြစ်တာလဲ..."

"ဟ... သူကြီးက တိုက်ပုံအင်္ကျီ အသစ်ကြီးနဲ့ မောင့်ကျက်သရေ ခေါင်းပေါင်း အသစ်ကြီးလည်း စွပ်လို့..."

အခုမှ ဒေါ်အေး မီးခွက်အစွမ်းကြောင့် ဘေးလူတွေကော သူ့ နောက်လိုက်တွေပါ သတိထားမိသွားကြပြီး ကျွက်စီကျွက်စီ ဖြစ်ကုန်ကြ တယ်။ ဒေါ်အေးကလည်း မိန်းမသား တယောက်တည်း နေတယ် ဆိုပြီး


mgyoe.com

mgyoe.com SAMPLE BOOK


လာမြူဆွယ်တယ်လို့ စွပ်စွဲတယ်။ ခုတော့ သူခိုးဖမ်းမယ့် ဦးပွကြီး တယောက် သူ့ရွာသားတွေ အလယ် မှာပဲ သူခိုးထက်ကြီးတဲ့ ပုဒ်မကြီးတွေ နဲ့ အတပ်ခံနေရပြီ။

ဦးပွကြီးလည်း သူခိုးလိုက် ချင်ဇောနဲ့ လိုက်ခဲ့တာ၊ အခုမှ သူ့ ကိုယ်သူ ပြန်သတိရတယ်။ စောစော က အိမ်က ဗီရိုမှန်ရှေ့မှာ ဝတ်စုံ မပြည့်တပြည့် အိုက်တင် ကျင့်နေ ရင်း သူခိုးအော်သံ ကြားတာနဲ့ အရေးတကြီး ပြေးဆင်းလာခဲ့တာ...။ ဒါပေမဲ့ ဘယ်ရမလဲလေ... ပွကြီးပဲ ဟာ...။

"အံမယ်... မင်းတို့ ဘာသိ လို့လဲ... ငါက ညအိပ်ရင်လည်း ဒီလို သန့်သန့်ရှင်းရှင်း သစ်သစ်လွင်လွင် ဝတ်ပြီးမှ အိပ်တတ်တာကွ..."

"အဲဒါကတော့ ထားပါ တော့ သူကြီးရယ်... သူကြီးဟာက အပေါ်က ကောင်းစားပြီး အောက်က ဘာမှမရှိ ဖြစ်နေတာမျိုးလေ..."

ရွာဆော် အောင်တင့် စကားကြောင့် ဦးပွကြီး ဆက်ဆက် ခါသွားတယ်။ ဒါ သူ့ကို စော်ကား


mgyoe.com

mgyoe.com
SAMPLE BOOK


လိုက်တာ။ လူလယ်ခေါင်းအရှက်အိုးကို ရိုက်ခွဲတာ။ သူကြီးလုပ်သူကတော့ နင့်အောင်စားပြီး အောက်က လူကိုတော့ ခွဲမပေးဘူးလို့ ပြောချင်တာ။

"ဟော့ကောင်... မင်း...မင်း... အဲဒီလို မပြောနဲ့ကွ... အရက်ပုန်းဆိုင် လိုင်းကြေးရော၊ လယ်သမားဘဏ် ထုတ်တုန်းက ချန်ထားတဲ့ အကြွေးအနုတ်တွေရော ငါတယောက်တည်း စားတာလား... မင့်ကိုရော ခွဲမပေးလို့လား..."

"ဟာ... အထုပ်တွေ ပေါ်ကုန်ပါပြီဗျာ... အရုပ်ပြတာတောင် အကောင် မမြင်တာ... သူကြီးရေ... ခင်ဗျားကြီး ဖင်တုံးလုံးကြီးနဲ့ ပုဆိုးကွင်းသိုင်း လာတာကို ပြောတာဗျ... ကိုယ့်ခါးကိုယ် ပြန်ကြည့်ဦးဗျ"

ဟင်... ဟာ...။

ဦးပွကြီး ဒီနေရာကနေ ကိုယ်ယောင်ပျောက်သွားချင်စိတ် တကယ်ပဲ ဖြစ်လာပါတယ်။ မျက်နှာကြီး ဖြတ်ပြီး လွှင့်ပစ်လို့ရရင် လွှင့်ပစ်လိုက်ချင်သေးရဲ့။ ဒါပေမဲ့ ပွကြီးပဲလေ။ ဒီအခြေအနေကို ဘယ်လို ဖုံးဖိရမယ် ဆိုတာ သိပ်သိတာပေ့ါ။

"ဟာ... နင့်အမေကလွှားမှပဲ။ ပြောပါတော့လားဟ စောစောကတည်းက။ သယ်... ဒီကောင် ငအောင်တင့် ငါ ဓားနဲ့ ကွပ်လိုက်ရ..."

ဦးပွကြီးလည်း ရှက်ရမ်း ရမ်းပြီး သူ့တပည့် ရွာဆော် အောင်တင့်ကို လက်ဆွဲတော် ဓားကြီးနဲ့ ရွယ်ပြီး မင်းသံစိုးသံပါပါ ကြိမ်းဝါးလိုက်သေးတာ။ ဒါပေမဲ့ အတွင်းသိ အစင်းသိ အောင်တင့်က တဟားဟားနဲ့ ရယ်ပါလေရော။

"မင်းက ဘာရယ်တာလဲကွ... ဇက်ပြုတ်သွားချင်ပြီလား..."

"သူကြီးကလည်း သူကြီးက ကျုပ်ကို ဓားနဲ့ ခုတ်မယ်သာ ကြိမ်းနေတယ်၊ သူကြီးဓားကဖြင့် သံချေးတွေ ကိုက်ပြီး ဓားအိမ်ကတောင် ဆွဲချွတ်မရ ဖြစ်နေတာကို ကျုပ် သိပြီးသားပါဗျ..."

အောင်တင့် အထုပ်ဖြည်လို့ ဘေးက ရွာသားတွေလည်း ပြုံးစိ


mgyoe.com

mgyoe.com SAMPLE BOOK



ပြုံးစိတွေ ဖြစ်ကုန်ကြတယ်။ သူတို့ကလည်း သူကြီးရဲ့ လက်ဆွဲတော် ဓား အကြောင်း အနည်းနဲ့ အများ ကြားဖူးထားကြတာကိုး။

ဒါပေမဲ့ ဒီတခါလည်း ပွကြီးဟာ ပွကြီးပဲမို့လား။

"အောင်မာ... မင်းတို့ ဘာသိလို့လဲ... ဒီဓားဟာ အင်းဝခေတ် မင်းကြီး ရန်နောင်ရဲ့ ယိမ်းနွဲ့ပါးဓားနဲ့ တနေ့တည်း တရက်တည်းမှာ ပန်းပဲ ဆရာ တယောက်တည်းက ထုထားတဲ့ ဓားကွ၊ ဒီဓားက အိမ်ထဲက ချွတ် ပြီးရင် သွေးသောက်ရမှကွ... နားလည်လား... ဒီဓားဟာ ကုလားဖြူသွေး လည်း သောက်ခဲ့ပြီးပြီ၊ နီပွန်တွေ သွေးလည်း သောက်ခဲ့ပြီးပြီကွ... မင့် နှယ်ကွာ... ငါ့ငယ်စိတ်နဲ့သာဆို... ဟင်း... ဟင်း... တော်ပြီ... ပြန်မယ် ကွာ..."

ဦးပွကြီးလည်း ပြောပြောဆိုဆို ရှက်စိတ်တွေနဲ့ မွှန်ထူပြီး နောက်ပြန် အလှည့် ဘယ်လိုက ဘယ်လို ခြေတဖက် လည်ထွက်သွား တယ် မသိဘူး၊ ချော်လဲပါလေရော။ ချော်လဲရာကနေ ပြန်အထ၊ လူက ဝနေတော့ ရုတ်တရက် မထနိုင်ဘဲ လေးဘက်ထောက်ကြီး ဖြစ်နေတာ။

ပုဆိုးကွင်းသိုင်းကြီးနဲ့ လေးဘက်ထောက်ကြီး ဖြစ်နေတဲ့ မုန့် အိုးပုတ် ရွာသူကြီး ဦးပွကြီးပုံစံကို...

အဲဒါ ပြောတာပေါ့၊ ဒီညအတွက် ကံကြမ္မာဟာ ဦးပွကြီးဘက်မှာ မရှိပါဘူးလို့။

## (၃)

နောက်နေ့ မနက်လည်း ရောက်ရော ရွာထဲ သတင်းထူးနှစ်ခုက တောမီးလောင်သလို ပျံ့နှံ့သွားတော့တာပါပဲ။

သတင်းထူး တခုက ဒေါ်အေးအိမ် သူခိုးဝင်ပုံနဲ့ သူကြီးခြံထဲ သူ ခိုးကို တပ်တောင်တာ ဗိုလ်ထုနဲ့ ဝိုင်းဝန်း ပိတ်ဆို့ထားပါလျက်က ပေါင်



mgyoe.com

mgyoe.com
SAMPLE BOOK


တချက် ပုတ်လိုက်တာနဲ့ ပျောက်ခြင်းမလှ ပျောက်သွားရတယ် ဆိုတဲ့ ချဲ့ကားသတင်းပါပဲ။

နောက်ထပ် သတင်းထူးကတော့ သူတို့သူကြီးမင်း ဦးပွကြီး အကြောင်းပေါ့။ သူ နာမည်ကြီးရင် သဘောအကျကြီး ကျတတ်တဲ့ ဦးပွကြီးတယောက် ဒီလိုမျိုးပုံစံနဲ့ နာမည်ကြီးတာကိုတော့ မခံစားနိုင်ဘူးရယ်။

သူတို့ မုန့်အိုးပုတ် သူကြီးဟာ နယ်နယ်ရရ မဟုတ်ပါဘူးတဲ့။ အစိုးရ မင်းများက နှစ်လုံးပြူးသေနတ် ချီးမြှင့်ထားရတဲ့ ဂုဏ်ထူးဆောင် သူကြီးမင်း ဆိုပဲ... တဲ့။

အဲဒီသတင်းကြီး ရွာထဲ ပျံ့နှံ့သွားလေ၊ ဦးပွကြီး မျက်နှာ မပြရဲတော့လေပဲ။ ဒါနဲ့ပဲ ရက် အတိုင်းအတာတခုအထိ အိမ်တွင်းအောင်း ကေစာရ ကျင့်ဖို့ အော်တိုမတ်တစ် အမိဋ္ဌာန်ဝင်ပြီးသား ဖြစ်သွားပါလေတော့တယ်။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

ထိပ်တင်ကိုယ်တော်ပွဲ

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၁ )

'ဒီရွာမှာ မုန့်အိုးပုတ်ရွာသားစစ်စစ် ပြပါ' ဆိုရင် လက်ညှိုးထိုး မလွဲပါဘူး။ အဲဒီအထဲ ဦးပွကြီးလည်း ပါသပေါ့။ မုန့်အိုးပုတ်ရွာရဲ့ရွာသူကြီး ရွေးချယ်ခန့်ထားရေး ဥပဒေကလည်း တင်းကျပ်လှတဲ့ စည်းကမ်းဥပဒေ တခုပါပဲ။

၁။ မုန့်အိုးပုတ်မှာ နှစ် ၅၀ ဆက်တိုက် နေထိုင်ဖူးရမယ်။

၂။ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဖြစ်ရမယ်။ (အိမ်မှာ ဘုရားတောင် ဦးသုံးကြိမ် တိုက်တဲ့သူ ဟုတ်ဟုတ် မဟုတ်ဟုတ်။)

၃။ ထူထဲလှတဲ့ နှုတ်ခမ်းမွှေး ရှိရမယ်။

၄။ စစ်ရေးစစ်ရာ အမြင်ရှိရမယ်။

၅။ မြို့က ဌာနဆိုင်ရာ လူကြီးမင်းတွေ လာတဲ့အခါ အရက်တန် အရက်၊ ကြက်တန် ကြက် စတဲ့ လိုအပ်သမျှ ဝတ်ကြီးဝတ်ငယ်တွေကို ခခ ယယ ပြုစုဖြည့်ဆည်းပေးနိုင်ရမယ်။

စကားချပ်။ ။ နောင် နှစ်ပေါင်း အတန်ကြာတဲ့အခါ ပေါ်ထွက် လာတဲ့ အခြေခံ ဥပဒေကြီးရဲ့ သမ္မတအရည်အချင်းဟာ မုန့်အိုးပုတ်ရဲ့



mgyoe.com

mgyoe.com
SAMPLE BOOK


သူကြီးရွေးချယ် ခန့်ထားရေး ဥပဒေကို မှီးငြမ်းထားတယ်လို့ မုန့်အိုးပုတ် မျိုးဆက်သစ်တွေက ကြံဖန်ဂုဏ်ယူတတ်ကြသေးတယ်။

ဒါက နမူနာလောက် ထုတ်ပြတာပါ။ ဒီတော့လည်း မုန့်အိုးပုတ်မှာ မွေး၊ မုန့်အိုးပုတ်မှာ အချင်းမြှုပ်၊ မုန့်အိုးပုတ်မှာ ပေါက်ကရ လုပ်ပြီး မုန့်အိုးပုတ် သုသာန်မှာပဲ အရိုးထုတ်မယ့် ဦးပွကြီးအတွက် ဒီသူကြီး အရည်အချင်း ဥပဒေကို သီးသန့်ရေးဆွဲထားသလိုပါပဲ။

ထားပါတော့၊ ဒီလိုနဲ့ ဦးပွကြီးလည်း မုန့်အိုးပုတ်မှာ သူကြီးဖြစ်၊ နောက်တော့ သူကြီးခေတ် မဟုတ်တော့တဲ့အခါ အမည်ပြောင်းပြီး ကျေးရွာ လူကြီး ဖြစ်၊ အို... ဘာပဲဖြစ်ဖြစ် ဦးပွကြီးကတော့ ဦးပွကြီးပါပဲ။

ဇာတာထဲမှာတော့ မောင်မောင်ပွပေါ့။ မိဘတွေက ချစ်စနိုးနဲ့ အဖျားဆွတ် ခေါ်ကြတာက ပွတဲ့။ ရှင်လူထွက်ပြီး မခင်သိမ်းလေးနဲ့ ရည်းစားဖြစ်တော့ ကိုရင်ပွ ဆိုပဲ။ အဲ... အခုတော့လည်း အသက်လည်း ၅၀ ကျော်လာပြီ ဆိုတော့ ဦးပွကြီး ဦးပွကြီး ဆိုပြီး ဒီနယ်တကြောမှာ အပီအပြင် ထောနေ (အဲလေ...) အပီအပြင် ဥကောဒေယျ နာမည်တလုံးနဲ့ လက်ရုံးဆန့်ခဲ့တာ မဟုတ်လား။

ပညာအရည်အချင်းအရ ကြည့်ဦးမလား။

ဦးပွကြီးတို့က အုပ်ချုပ်ရေးဆိုင်ရာ စာရွက်စာတမ်းတွေ (လူအထင်ကြီးအောင် ပြောရတာပါ၊ တကယ်တမ်းက အိမ်ထောင်စု စာရင်းလောက်ပါပဲ) မှာ လက်မှတ်ထိုးရမယ်ဆို တခြားသူတွေလို ဥက္ကဋ္ဌကျော်စိန်ကို 'ဌက်ကဋ္ဌ ကျော်စိန်' ဖြစ်အောင် လုပ်တတ်တဲ့ လူစားမျိုးမှ မဟုတ်တာပဲကို။ သူတို့ လက်ထောက်ပြတဲ့ နေရာမှာ လက်ဗွေနှိပ်တာမျိုး၊ ကြက်ခြေခတ်တာမျိုးကလည်း ဦးပွကြီးလို သဂြိုဟ်တစိတ်၊ ပရိတ်ကြီး ခုနစ်သုတ်နဲ့ တပိုဒ်ကို ထုံးလိုချေ ရေလို နှောက်နိုင်ခဲ့တဲ့ ပညာတတ်ကြီးအဖို့ ဘယ်နှယ့်ဆိုင်ပါ့မလဲ။ သူ့နာမည်အောက်မှာ ခတံကို ကျကျနန တံတွေးဆွတ်ပြီး 'ပွ' လို့ တလုံးတည်း ရေးထည့်လိုက်တာ။


mgyoe.com

mgyoe.com
SAMPLE BOOK


အင်း... နာမည်နဲ့ ပတ်သက်လို့ ပြောနေရာက စကားစပ်မိလို့ ဦးပွကြီး အကြောင်း ပြောရဦးမှာပလေ။

တချို့ ခပ်ကဲကဲ အဘိုးကြီးတွေ တိတ်တိတ်ပုန်း မယားငယ် ထားတတ်ကြတယ်။ ဒါက ထုံးစံမဟုတ်ပေမယ့် တခါတလေ တွေ့နေကျပဲ ကိုး။ ဦးပွကြီးတို့ ခေတ်က ဦးပွကြီးတို့လို ဘုန်းလက်ရုံးတို့၊ ဘုန်းကြက်ရုံးတို့ ပြည့်စုံတဲ့ သူကြီးတွေဆို ပြောင်ပြောင်တင်းတင်း တရွာတကျီ ဆောက်ရုံ မဟုတ်ဘူး၊ တချို့ဆို တရွာတည်း နှစ်ကျီသုံးကျီ ဆောက်ကြသေးတာ မဟုတ်လား။

ဦးပွကြီးကတော့ သူတို့လို ပြောင်ပြောင်တင်းတင်းတော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ တိတ်တိတ်ပုန်း ထားတာတခုတော့ ရှိနေတယ်။ အဲ... သူများ သူကြီးတွေလို မယားငယ် စကိငယ်လေးတွေ ထားတာတော့ မဟုတ်ဘူးရယ်။ (မထားချင်လို့တော့ မဟုတ်ဘူး၊ မိန်းမကြောက်လို့။ ဤကား စကားချပ်)

ဦးပွကြီး တိတ်တိတ်ပုန်းထားတာ နာမည်ဗျ။ နာမည်ပဲ။ သူ့မှာ ဘယ်သူမှ မသိသေးတဲ့၊ ယုတ်စွအဆုံး နှစ်ပေါင်း ၃၀ ကျော် တအိပ်ရာ တည်း အိပ်လာခဲ့တဲ့ သူကြီးကတော် ဒေါ်ခင်သိမ်းတောင် သိတာ မဟုတ် ဘူး။

ထူးဆန်းလိုက်တဲ့ ဦးပွကြီးနှယ်။ တိတ်တိတ်ပုန်းထားတာ မယားငယ် မဟုတ်ဘူး၊ နာမည်ထားတာတဲ့ဗျ။

သူ့စိတ်ထဲမှာ စွဲနေအောင်ကို မှတ်ထားတဲ့ နှစ်ပရိစ္ဆေဒတွေပဲ ကြာလှပြီမင့်ဟာကို။ ဘာတဲ့.. အဲဒီ တိတ်တိတ်ပုန်း နာမည်က... ။

ထိပ်တင်ကိုယ်တော်ပွ... တဲ့။

*


mgyoe.com

mgyoe.com
SAMPLE BOOK


# ( ၂ )

ထိပ်တင်ကိုယ်တော်ပွ… တဲ့။

ဒီတော့ ဒီလို မင်းမျိုးမင်းနွယ် အမည်နာမကို ဘယ်သူကများ ဦးပွကြီး အတွက် တံဆိပ်ခတ်ပေးလိုက်တာလဲလို့ မေးစရာ ရှိလာတယ်။ ဗေဒင်ဟူးရား ကိုရွှေပုဏ္ဏားတွေကများလား။ မဟုတ်ပါဘူး။ ဒါဆို ဆွေစဉ် မျိုးဆက် ပညတ်ခဲ့တဲ့ နာမည်လေများလား။ ဒီလိုလည်း မဟုတ်ရေးချ မဟုတ်ပါဘူး။ သူ့ဘာသာ ရာဇဝင် စာတိုပေစလေးတွေထဲက တွေ့မိ၊ ဖတ်မိတဲ့ နန်းတွင်းသားတွေ မှည့်လေ့ရှိတဲ့ နာမည်ကို ယူပေးထားတာပါ။

ဒါပေမဲ့ ဘယ်သူမှ မသိဘူး။ နာမည်ဆိုတာ ခေါ်ဆိုဖို့ ဆိုပေမဲ့ ဦးပွကြီးကျမှ ခိုးကြောင်ခိုးဝှက် ထားစရာ ဖြစ်နေတယ်။ ဦးပွကြီးက မပြော ချင်လို့တော့ ဘယ်ဟုတ်လိမ့်မလဲ။ ပြောချင်လိုက်တာမှ လျှာကို ယားနေ တာ။ လျှာယားနေပေမယ့်လို့ အချိန်အခါ မရောက်သေးဘဲ ထုတ်ပြော လိုက်ရင် ရာဇဝင်တကာမှာ မုန့်အိုးပုတ်သူကြီး သိက္ခာကျမယ် မဟုတ် လား။

ဒီနာမည်အကြောင်း ခြေရာခံရရင် ဦးပွကြီးရဲ့ မွေးရာပါ ကျပ် သိပ်မပြည့်ရှာတဲ့အပြင် ဇာတ်မင်းသားရူးပါ ရူးနေတဲ့ သူတို့အဘိုး သေခါ နီး သူငယ်ပြန်ရာက စရမှာပဲ။

ဦးပွကြီးတို့ မျိုးရိုးဆိုတာ ဘိုးစဉ်ဘောင်ဆက်ကို ပေယျာလကန် မလုပ်တတ်ကြဘူးတဲ့။ ပေတွေ၊ ပရပိုက်တွေနဲ့ စနစ်တကျ မှတ်သားထား ကြတာမျိုးလည်း မဟုတ်ပြန်ဘူး။ ဒီလိုပဲ သားစဉ်မြေးဆက် ကြုံသလို စိတ်ကူးရရင် ရသလို နှုတ်ဆင့်ကမ်း ပြောသွားကြတာ။

ဒီလိုနဲ့ စောစောက ပြောခဲ့တဲ့ မွေးရာပါ ကျပ်သိပ်မပြည့်တဲ့အပြင် ဇာတ်မင်းသားရူးပါ ရူးနေတဲ့ ဦးပွကြီးအဘိုး သေခါနီး သူငယ်ပြန်တယ်။


mgyoe.com

m g y o e . c o m SAMPLE BOOK


ဒီလိုနဲ့ ဖာတ်မင်းသားရှုး အဘိုးကြီးရဲ့ နောက်ဆုံး နေ့ရက်တွေကို ရောက်လာတယ်။

အဲဒီ နောက်ဆုံးနေ့ရက်တွေထဲက တရက်မှာပေါ့။ အဘိုးကြီးက ခုတင်ပေါ်ကနေ သူ့မြေးဦး မောင်ငပွလေးကို လှမ်းခေါ်တယ်။ မောင်ငပွလေးကလည်း သူ့အဘိုး ခုတင်နားမှာ အမြဲလိုလို ရှိနေတာ မဟုတ်လား။ အဲ... ဒီလိုဆိုတော့ သူ့အဘိုး နေမကောင်းတုန်း ဝတ်ကြီးဝတ်ငယ် ပြုစုဖို့ အဆင်သင့် ရှိနေတယ် မထင်နဲ့ဦး။ ရပ်ထဲရွာထဲကနေ လူကြီးသူမ နေမကောင်းဘူးဟဲ့ ဆိုပြီး လာပို့ထားကြတဲ့ ရှောက်ယိုတို့၊ နာနတ်ယိုတို့ကို လူကြီးတွေ လစ်ရင် ခိုးနှိုက်စားဖို့ တရစ်ဝဲဝဲ လုပ်နေတာကိုး။

မောင်ငပွလေးကလည်း သူ့ကို ဘိုးဘိုးကြီး မုန့်ခေါ်ကျွေးတယ် ထင်ပြီး ဝမ်းသာအားရ သွားတာ။ တကယ်တမ်း အဘိုးကြီး အိပ်ရာအောက်က ထုတ်ပေးလိုက်တာက ဓားလွယ်တစင်းပဲ။ ဓားက ငှက်ကြီးတောင်ဓား မျိုး ဖြစ်မှာပါပဲ။ ဖြစ်မှာပါပဲလို့ မှန်းမှန်းဆဆ ဘာကြောင့်ပြောလဲဆို ဓား အိမ်ပဲ တွေ့ရပြီး ဓားကိုမှ မတွေ့ရတာကိုး။ ဓားကို မတွေ့ရဘူးဆို ဓားအိမ် ထဲက ဓားကိုမှ ချွတ်မရတာပဲလေ။

ဓားအိမ်ကလည်း ဟောင်းလှပါပြီ။ ဒီကြားထဲ မသုံးတာ ကြာတာရော၊ ပြုပြုပြင်ပြင် မရှိတာရော နှစ်ပရိစ္ဆေဒတွေ ကြာလှပြီမို့ ဓားအိမ် အရောင်က ညစ်ထေးထေးပဲ။ ဒါပေမဲ့ ထူးခြားတာက ဓားအိမ်မှာ ကနုတ် ပန်းခတ်တချို့ ခပ်ရေးရေး ထင်နေသေးတယ်။ ပြီးတော့ ငရုတ်ကောင်းစေ့ လောက် ရှိတဲ့ တွင်းပေါက်ရာလေးတွေလည်း တွေ့ရသေးတာ။

ဒါဟာ တချိန်က ကျောက်မျက်ရတနာတွေ စီခြယ်ထားတာနေ မှာပဲလို့ မောင်ငပွလေးက တွေးတယ်။ ပြီးတော့ ဓားရိုးနေရာမှာလည်း ထိုနည်းလည်းကောင်း အပေါက်ရာလေးတွေ ကျန်နေသေးတာ။

သေချာပြီပေါ့။ ဒါဟာ ရတနာ ကျောက်စီဓားပေပဲ။

ဒီဓားရဲ့ ထူးခြားချက်ကတော့ ဓားအိမ်ကနေ လုံးဝ ချွတ်မရတာ


m g y o e . c o m